## ၂၀၁၉ခုနှစ်တွင် ပြောင်းလဲ အသုံးပြုမည့် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းပုံစံသစ်နှင့် ပတ်သက်သည့် ရှင်းလင်းတင်ပြချက်

၂၀၁၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအင်္ဂလိပ်စာဘာသာရပ် မေးခွန်းကို ကျောင်းသား၊ ကျောင်းသူများ ပြဋ္ဌာန်းစာအုပ်ကို အလွတ်ကျက်မှတ် ဖြေဆိုမှု လျော့နည်းစေပြီး၊ ကျောင်းသား၊ ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုနှင့် ဆက်သွယ်ရေးသားနိုင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ၄င်းတို့၏ အမှန်တကယ်တတ်ကျွမ်းမှုကို စစ်ဆေးသော မေးခွန်းများဖြစ်စေရန် ရည်ရွယ်၍ ပြောင်းလဲခြင်းဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်နှင့် သင်ခန်းစာ (၁၄)ခုကို ပြောင်းလဲမည်မဟုတ်ပါ။ မေးခွန်းအားလုံးကိုလည်း ပြောင်းလဲမည် မဟုတ်ပါ။ သင်ကြားမည့် ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူတို့ အတွက် အခက်အခဲ မဖြစ်စေပဲ ကျောင်းသား၊ ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်နိုင်သည့်စွမ်းရည်များပိုမို ဖွံ့ဖြိုး တိုးတက်စေမည့် အကျိုးကျေးဇူးကို ရှေ့ရှု၍ မေးခွန်းအချို့ကို မွမ်းမံ ပြင်ဆင်၊ ဖြည့်စွက်ခြင်းသာဖြစ်ပါသည်။ မေးခွန်းအများစုသည် ဒသမတန်း အင်္ဂလိပ်စာ ဖတ်စာအုပ်တွင် ပါရှိသော သင်ခန်းစာ (၁၄)ခုကို အခြေခံ၍ မေးမည်ဖြစ်ပြီး ကျောင်းသား အများစု ဖြေဆိုနိုင်မည့် လွယ်၊ သင့်၊ ခက် မေးခွန်းများပါဝင်မည် ဖြစ်သဖြင့် သင်ခန်းစာများကို ကျေညက်စွာ လေ့လာထားသော ကျောင်းသား၊ ကျောင်းသူအများစု ဖြေဆိုနိုင်မည့် မေးခွန်းပုံစံဖြစ်ပါသည်။

လက်ရှိ မေးခွန်းပုံစံတွင် မေးခွန်း(၉)ပုဒ်ပါရှိသကဲ့သို့ ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံတွင်လည်း မေးခွန်း (၉)ပုဒ် ပါရှိမည် ဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်စီအတွက် ပေးထားသော အမှတ်များကိုလည်း ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်း နံပါတ်(၁)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ်(၂)** ကို ပြောင်းလဲမည်မဟုတ်ပါ။ သို့သော် ဖတ်စာအုပ်ပါ စာပိုဒ်တွင်ပါရှိသည့် ကွက်လပ်ဖြည့်ရာတွင်အသုံးပြုရမည့် စကားလုံး(၂၀)လုံးအစား စကားလုံး(၂၅)လုံး

ပေးထားပါမည်။ စကားလုံးအရေအတွက် ပိုပေးထားသဖြင့် ယခင်ကထက် ပိုမိုစဉ်းစားပြီးမှ မှန်ကန်သော စကားလုံးများကို ရွေးချယ်နိုင်မည် ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၃)** တွင် ပြောင်းလဲမှုရှိပါသည်။ ယခင်က ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသော အကြောင်းအရာကို မေးသည့် မေးခွန်း(၅)ခုနှင့် ကဗျာများမှ မေးခွန်း(၅)ခုပါသည့် ကွက်လပ်ဖြည့် မေးခွန်း(၁၀)ခုမေးပါသည်။ ယခုမေးခွန်းတွင် မေးခွန်းနံပါတ် (၃)(က)နှင့် ၃(ခ) ဟုခွဲ၍ မေးပါမည်။ မေးခွန်းနံပါတ် (၃)(က)တွင် မေးခွန်း(၅)ပုဒ် မေးပါမည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါသော စကားလုံးများကို မှန်ကန်စွာ သုံးတတ်မှုကို စစ်ဆေးရန် မေးခွန်းတစ်ပုဒ်စီတွင် ပြဋ္ဌာန်းစာအုပ်မှ မဟုတ်သော ဝါကျတစ်ကြောင်းနှင့် ရွေးချယ်ရန် စကားလုံး(၃)လုံးကို ပေး၍ မှန်ကန်သော စကားလုံးကို ရွေးချယ်စေပါမည်။ အလွတ်ကျက်မှတ်မှုလျော့နည်းစေရန်နှင့် ဖတ်စာအုပ်ထဲရှိသော Vocabulary Section နှင့် စာပိုဒ်များရှိ စကားလုံးများကို နားလည်ပြီး ပြန်လည်အသုံးပြုတတ်စေရန်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၃)(ခ)တွင် ယခင် မေးခွန်းတွင် မေးသကဲ့သို့ ကဗျာစာကြောင်းများကို ကွက်လပ်ဖြည့်သည့် မေးခွန်း (၅)ပုဒ် မေးပါမည်။

**မေးခွန်းနံပါတ်(၄)** တွင် ပြောင်းလဲမှုအနည်းငယ်ရှိပါသည်။ မေးခွန်းအရေအတွက်(၅)ပုဒ်မှာ ပြောင်းလဲမှုမရှိပါ။ ယခင်မေးခွန်းများတွင်ကဲ့သို့ နံပါတ်(၁)နှင့် (၂)တွင် ရွေးချယ်ရန် ပေးမထားပါ ။ နံပါတ်(၃)နှင့် (၄)တွင်လည်း Who said these words and to whom were they said? What does the underlined word refer to? From which unit are the following lines taken? စသည့် တသမတ်တည်း မေးသည့် မေးခွန်းပုံစံမျိုး မေးမည် မဟုတ်ပါ။ ကျောင်းသား၊ ကျောင်းသူများ သင်ခန်းစာများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာပြီး မေးခွန်းအမျိုးမျိုးကို ဖြေဆိုတတ်စေရန် မေးခွန်း(၄)ခု မေးမည်ဖြစ်ပါသည်။ နံပါတ်(၅)တွင် ယခင်အတိုင်း ကဗျာ ဆိုလိုရင်းကို မေးမည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၅)** တွင် ဖတ်စာအုပ်ထဲမှ မဟုတ်သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူတို့၏ အဆင့်နှင့်ကိုက်ညီသော စာပိုဒ်တစ်ပိုဒ် (Unseen passage)

ကို ပေးထားပြီး မေးခွန်း(၅)ခု ဖြေဆိုစေပါမည်။ ကျောင်းသား၊ကျောင်းသူတို့၏ စာဖတ်ပြီး နားလည်နိုင်စွမ်းကို အမှန်တကယ် စစ်ဆေးသည့် မေးခွန်းများဖြစ်ပါမည်။

**မေးခွန်း နံပါတ်(၆)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ်(၇)(က)နှင့် (၇)(ခ)** ပုံစံ ကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ်(၈)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။ သို့သော် ကျောင်းသား၊ကျောင်းသူများ ပေးစာရေးသူနှင့် လက်ခံသူတို့ကို ရောထွေးမှုမရှိစေရန် ပေးစာ (၃)ပုဒ်အစား ပေးစာ (၂)ပုဒ်ပေးထားပြီး မိမိနှစ်သက်ရာ တစ်ပုဒ်ကို ရေးသားရပါမည်။ စာလုံးရေ (၃၀၀)ထက် ပိုမရေးရန် ကန့်သတ်ထားပါမည်။ သို့သော် စာလုံးရေ အတိအကျရေးရန်မလိုပါ။ ကျောင်းသား၊ ကျောင်းသူများ မေးခွန်းနှင့် ဆီလျော်သော အကြောင်းအရာများကို လိုရင်းတိုရှင်း ကျစ်လစ်တိကျစွာ ကိုယ်ပိုင် အတွေးအခေါ်ဖြင့် ရေးသားနိုင်စေရန် ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၉)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။ ယခင်မေးခွန်းများအတိုင်း စာစီစာကုံး ခေါင်းစဉ် (၃)ခုပေးထားမည်ဖြစ်ပြီး ကျောင်းသား၊ကျောင်းသူတို့က မိမိတို့ကြိုက်နှစ်သက် သည့် ခေါင်းစဉ်တစ်ခုရွေး၍ စာစီစာကုံးရေးသားရပါမည်။ စာလုံးရေ (၅၀၀)ထက် ပိုမရေးရန် ကန့်သတ်ထားပါမည်။ သို့သော် စာလုံးရေ အတိမကျရေးရန်မလိုပါ။ ကျောင်းသား၊ ကျောင်းသူများ ပေးထားသော ခေါင်းစဉ်နှင့် ကိုက်ညီသော အကြောင်းအရာများကို ကျစ်ကျစ်လစ်လစ် ထိထိမိမိ ရေးသားတတ်စေရန်နှင့် အလွတ်ကျက်မှတ်ပြီး မဆီလျော်သော အကြောင်းအရာများ ထည့်သွင်းရေးသားမှုကို လျော့နည်းစေရန် စာလုံးရေ ကန့်သတ်ခြင်း ဖြစ်ပါသည်။

မေးခွန်းနံပါတ်(၈)နှင့်(၉)သည် ကျောင်းသား၊ကျောင်းသူတို့၏ စိတ်ကူး စိတ်သန်းဖြင့် တွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ စဉ်းစားဝေဖန်နိုင်မှု၊ ဆုံးဖြတ်နိုင်မှုနှင့် မိမိတို့အမြင်ကို ထုတ်ဖော် ရေးသားနိုင်မှုတို့ကို အမှန်တကယ် စစ်ဆေးသော မေးခွန်းမျိုးဖြစ်ပါမည်။

ယခု ပြောင်းလဲမည့် မေးခွန်းပုံစံကို ခြုံ၍ ကြည့်မည်ဆိုပါက ကျောင်းသား၊ ကျောင်းသူတို့၏ အလွတ် ကျက်မှတ်မှုကို အားပေးသော မေးခွန်းပုံစံအစား၊ ၎င်းတို့၏ စဉ်းစားဆင်ခြင် တွေးခေါ်နိုင်မှုနှင့် ကိုယ်ပိုင် အတွေးအခေါ်၊အယူအဆများကို တင်ပြနိုင်မှုကို ဦးစားပေးသော မေးခွန်းပုံစံဖြစ်စေရန် ပြောင်းလဲခြင်းသာဖြစ်ပါသည်။ အင်္ဂလိပ်စာ တတ်ကျွမ်းမှုကို အမှန်တကယ် စစ်ဆေးသည့် မေးခွန်းပုံစံသို့ မေးခွန်းအားလုံးကို တစ်ပြိုင်နက်တည်း ပြောင်းလဲရန် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်သင့် မဖြစ်သေးသဖြင့် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဤမေးခွန်းပုံစံကို ပြောင်းလဲခြင်း ဖြစ်ပါသည်။ အမှတ်ပေး စည်းမျဉ်းများကိုလည်း ကျောင်းသား၊ ကျောင်းသူတို့၏ ဖြေဆိုချက်များ ဆီလျော်မှု ရှိ၊ မရှိကို ဦးစားပေး စစ်ဆေးသော စည်းမျဉ်းများအဖြစ် တဖြည်းဖြည်းချင်း ပြောင်းလဲမည်ဖြစ်ပါသည်။ ထို့သို့ ပြောင်းလဲခြင်း ဖြင့် ၂၀၂၃ခုနှစ်တွင် ပြဋ္ဌာန်းစာအုပ်အသစ်ကို စတင်အသုံးပြုသည့်အချိန်၌ ကျောင်းသား၊ ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ကြံဆနိုင်မှုနှင့် ကျွမ်းကျင်စွာ ရေးသား ပြောဆိုနိုင်မှုတို့ကို အပြည့်အဝ စစ်ဆေးသော မေးခွန်းများ ဖြစ်လာမည်ဖြစ်ပါသည်။